မတ်လ (၂၄) ရက် ၂၀၁၄ ခုနှစ်

# အာဆီယံပြည်သူ့ဖိုရမ် (၂၀၁၄)၏ ထုတ်ပြန်ကြေညာချက်

## ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ တရားမျှတရေးနှင့် ဒီမိုကရေစီ ထွန်းကားရေး အတွက် အာဆီယံလူထု သွေးစည်းညီညွတ်မှု မြင့်မားစေရေး။

၂၀၁၄ ခုနှစ် မတ်လ ၂၁ ရက်နေ့မှ ၂၃ ရက်အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်ကျင်းပခဲ့သော အာဆီယံပြည်သူ့ဖိုရမ်သို့တက်ရောက်လာခဲ့ကြသည့် မြန်မာနိုင်ငံ၊ အာဆီယံဒေသအတွင်းနှင့် ထိုဒေသပြင်ပမှ လူထုအဖွဲ့အစည်းများ၊ အခြေခံလူထုအဖွဲ့များနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း ကိုယ်စားလှယ်စုစုပေါင်း (၃၀၀၀) ကျော်ဖြစ်သော ကျွန်ုပ်တို့သည် အာဆီယံပြည်သူများ လက်ရှိရင်ဆိုင်ကြုံတွေ့နေသော ကမ္ဘာ့အလိုက်အကြောင်းအရာများနှင့် စနစ်ပိုင်းဆိုင်ရာအကြောင်းအရာ အမျိုးမျိုးကို လက်တွဲစုပေါင်း ဆွေးနွေးခဲ့ကြသည်။ အာဆီယံ ၂၀၁၄ သို့တက်ရောက်လာကြမည့် အာဆီယံခေါင်းဆောင်များကို ဒေသအတွင်းငြိမ်းချမ်းရေး၊ ဗဟုဂါဒ၊ လက်တွဲဆောင်ရွက်မှု၊ တည်တံ့ခိုင်မြဲပြီး ကျားမအမြင်များအရ တုန့်ပြန်မှုများသေချာစေသည့် ဖွံ့ဖြိုးတိုးတက်မှုများ အထူးသဖြင့် အာဆီယံပြည်သူများ၏ ဘဝအရည်အသွေးနှင့်သာယာဝပြောမှုများကို တိုးတက်နိုင်စေရန်အတွက် ယခုထုတ်ပြန်ကြေညာချက်နှင့် အကြံပြုတိုက်တွန်းချက်များကို ထည့်သွင်းစဉ်းစားပေးရန် တိုက်တွန်းအပ်သည်။ ယခုဖိုရမ်၏ ရည်မှန်းချက်မှာ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ တရားမျှတရေးနှင့် ဒီမိုကရေစီ ထွန်းကားရေးအတွက် အာဆီယံလူထု သွေးစည်းညီညွတ်မှု မြင့်မားစေရေးဖြစ်သည်။ ထိုရည်မှန်းချက်သည် ဒေသအတွင်းလက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် စစ်မှန်သော လူထုဗဟိုပြုအာဆီယံကိုဦးတည်နေသည့် အာဆီယံ၏ ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် မတူညီကွဲပြားသည့် နိုင်ငံအလိုက်နှင့် ဒေသဆိုင်ရာ အသံများကို ပိုမိုအားကောင်းစေရန်ဆိုသည့် တောင်းဆိုချက်များကို ထင်ဟပ်စေသည်။

မိမိတို့သည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီကျပြီး မျှတသော အုပ်ချုပ်မှု၊ တရားဥပဒေစိုးမိုးမှု ( ဥပဒေဖြင့် အုပ်ချုပ်မှုမဟုတ်သော) အမျိုးသမီးများနှင့်ကလေးများအပါအဝင် လူသားတိုင်းတွင်ရှိသော လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာ၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှု၊ လိင်ကွဲပြားမှုအမြင်ဆိုင်ရာ တရားမျှတမှု၊ ခွဲခြားမှုကင်းစင်မှု၊ အားလုံးပါဝင်နိုင်စေမှု မသန်စွမ်းသူများအတွက် သင့်တင့်လျောက်ပတ်သောနေထိုင်နိုင်မှုများရှိမှု၊ အာဆီယံပြည်သူများ အထူးသဖြင့် အမျိုးသမီး၊ ကလေးသူငယ်။ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားနှင့် မူရင်းဌာနေလူမျိုးများ၊

လိင်စိတ်ကွဲပြားသူများ၊ လိင်နှစ်မျိုးပါရှိသူများအပါအဝင် လိင်ဂိုသေသကွဲပြားသူများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် သမရိုးကျမဟုတ်သည့်လုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများ၊ ဘာသာရေးလူနည်းစုများ၊ လူငယ်များ၊ နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ ဒုက္ခသည်များ၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၊ နိုင်ငံမဲ့များနှင့် မြေယာမဲ့များ၊ တံငါသည်များ၊ လိင်အလုပ်သမားများ၊ ပြည့်တန်ဆာလုပ်ငန်း၊ အကြမ်းဖက်မှုနှင့် အဓမ္မလုပ်အားစေခိုင်းမှု၏ သားကောင်များ၊ လူကုန်ကူးခံရသူများ၊ မူးယစ်ဆေးသုံးစွဲသူများ၊ အိပ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ဖြင့် အသက်ရှင်နေသူများအားလုံးတို့၏ အကောင်းဆုံးအကျိုးကို ကြည့်မှုတို့ဖြင့် လူထုကိုဗဟိုပြုသည့် အာဆီယံဆိုသော အခြေခံမူဂါဒကို ထပ်လောင်း တင်ပြပြောဆိုအပ်ပါသည်။

ကျွန်ုပ်တို့သည် လက်တွဲဖော်မိတ်ဖက်ဖြစ်သည်ဆိုသည့်အချက်နှင့် အာဆီယံပြည်သူများ၏ ဘဝအရည်အသွေးနှင့် ဂုဏ်သိက္ခာတို့ တိုးတက်ကောင်းမွန်လာစေရေးအတွက် ပိုင်ဆိုင်မှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်ရှိသည်ဆိုသော စိတ်ဓာတ်တို့ကို အရင်းခံထား၍ အာဆီယံအစိုးရများ၊ အခြားဒေသဆိုင်ရာနှင့် နိုင်ငံတကာပိုင်းတွင် ပါဝင်ပတ်သက်သူများနှင့် အတူတကွလက်တွဲလုပ်ဆောင်သွားရန်၊ ကောင်းကျိုးဖြစ်ထွန်းစေမည့် တွေ့ဆုံလုပ်ကိုင်မှုများလုပ်ကိုင်သွားရန် ပန်ကြားလိုသည်။

ကျွန်ုပ်တို့သည် လူထုအဖွဲ့အစည်းများ၊ လူထုနှင့် အခြေခံအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များဖြစ်သည့်အားလျော်စွာ အကျိုးခံစားခွင့်ရှိသူသက်သက်သာမဟုတ်ဘဲ လူမှု၊ စီးပွားနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုတို့နှင့်ပတ်သက်၍ တက်ကြွသောလက်တွဲဖော်များနှင့် အကျိုးပြုသောသူများလဲဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အာဆီယံပြည်သူများ၏လိုအပ်ချက်များနှင့် အခွင့်အရေးများကို ဆန်းသစ်တီထွင်မှုများဖြင့် တုန့်ပြန်နိုင်ရန်လိုအပ်သည်။ လူထုအဖွဲ့အစည်းများသည် နိုင်ငံတော်၊ ဒေသနှင့် အပြည်ပြည်ဆိုင်ရာအဆင့် အသီးသီးရှိ ဥပဒေများ၊ ပေါ်လစီများနှင့် လုပ်ဆောင်မှုများကို ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပြီး ပြည်သူကို အမှန်တကယ်ဗဟိုပြုသည့်အာဆီယံဖြစ်ပေါ်လာစေရန် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် လူငယ်များဦးဆောင်ပြီး လူထုဗဟိုပြုသည့် အာဆီယံဖြစ်လာစေရန်အတွက် လူငယ်များ၏ အသံများ၊ လူငယ်ဘဝ စွမ်းအားမြှင့်တင်မှုများ၊ သူတို့၏ စွမ်းဆောင်ရည်များ ဆထက်တပိုး ပိုမိုတိုးပွားလာစေရန် အပြည့်အဝပံ့ပိုးသွားမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် အာဆီယံ၏ လုပ်ငန်းအဆင့်ဆင့်များအားလုံး အထူးသဖြင့် ယခုလာမည့် အာဆီယံချာတာနှင့် အာဆီယံအဂ္ဂန်းအပိုင်းများအပေါ် ပြန်လည်သုံးသပ်မှုများ၊ အာဆီယံအစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်၏ လုပ်ပိုင်ခွင့်တာဂန်များ၊ အာတီယံအမျိုးသမီးနှင့်ကလေးအခွင့်အရေးဆိုင်ရာကော်မရှင်၏ လုပ်ပိုင်ခွင့်တာဂန်များနှင့် အာဆီယံပြည်သူတို့အပေါ် သက်ရောက်မှုရှိစေမည့် အခြားအပြည်ပြည်ဆိုင်ရာ ကနဦးလုပ်ဆောင်မှုများနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့နှင့်ပတ်သက်၍ ပိုင်းဂန်းအကျိုးပြုလုပ်ဆောင်မှုများကို လုပ်ဆောင်သွားရန် ဆုံးဖြတ်ချက်ချထားကြပါသည်။

**မြန်မာနိုင်ငံအခြေအနေနှင့် အာဆီယံပြည်သူ့ဖိုရမ် ၂၀၁၄**

**ယခုနှ**စ်တွင် အသွင်ကူးပြောင်းနေသော မြန်မာနိုင်ငံတွင် ဖိရမ်ကို ကျင်းပရန် အခွင့်အလမ်းကောင်းတစ်ခု ရရှိခဲ့သည်။ တိုးတက်ပြောင်းလဲလာမှုများရှိသော်လည်း မြန်မာနိုင်ငံသည် ပြည်သူများလိုအပ်ချက်များကို ပြည့်မှီအောင် မလုံလောက်သေးသည့် စိမ်ခေါ်ချက်များကို ကျော်လွှားနိုင်ရန်လိုအပ်နေသေးသည်။ မြန်မာနိုင်ငံသည် နှစ်ပေါင်း (၆၀) ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းစစ်မီးကိုညိမ်းနိုင်ရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်လုပ်ကိုင်နေလျက်ရှိသော်လည်း အမှန်တရား၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ လူမှုတရားမျှတမှုနှင့် ယုံကြည်မှုတို့မရှိဘဲ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်မဟုတ်ကြောင်း သတိပြုစေလိုသည်။ အမှန်တရားရှိလာစေရန်အတွက် စစ်ပွဲများအကြောင်းကို ရိုးသားမှန်ကန်စွာဆွေးနွေးမှုလိုအပ်မည်။ ပွင့်လင်းမြင်သာမှုအတွက် တိုင်းရင်းသားဒေသများအတွင်း ရင်နီးမြုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် အကြောင်းများကို လူထုအများနားလည်နိုင်မည့်ဘာသာစကားဖြင့် လွတ်လွတ်လပ်လပ်သတင်းရရှိနိုင်မှု လိုအပ်သည်။ ယုံကြည်မှုအတွက် စစ်ဖက်ဆိုင်ရာဖိအားများနှင့် စစ်ဆင်ရေးများအားလုံးကို အမြန်ဆုံးရပ်တန့်ရန် လိုအပ်သည်။ လက်ရှိရှိနေဆဲဖြစ်သော မယုံကြည်မှုများနှင့် အကြောက်တရားများအရ အစိုးရအနေဖြင့် မကြာခင်လုပ်ဆောင်တော့မည့် လုပ်ငန်းအစီအစဉ်များကို ပြည်သူဆန္ဒခံယူခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ပြည်သူ့ဆန္ဒများကို တုန့်ပြန်ခြင်းများဖြင့် အထူးသေချာစွာစောင့်ကြပ်ပြီးအကောင်အထည်ဖော်ရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းများထဲတွင် အမျိုးသမီးများအပါအဝင် လူတိုင်းပါဝင်မှုရှိစေရန် လုပ်ဆောင်ရမည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရှိနေလျက်ပင် အမျိုးသမီးများသည် အထူးသဖြင့် ပဋိပက္ခများသက်ရောက်ခံနေရသောဒေသများရှိအမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ရင်ဆိုင်နေရဆဲဖြစ်၏။

ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် မြန်မာနိုင်ငံသည် အခြေခံလူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ပြန်လည်ရရှိခံစားနိုင်စေရန်အတွက် ပြည့်ဝသော၊ ပွင့်လင်းမြင်သာသော၊ ပါဝင်နိုင်မှုရှိသော ပြုပြင်ပြောင်းလဲမှုများ လိုအပ်နေသေးသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့် ဥပဒေပိုင်းဆိုင်ရာ မူဝါဒများ၊နှင့် လိုက်လျောညီထွေမဖြစ်သည့်ဥပဒေများအားလုံးကို ဖျက်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများလုပ်ဆောင်ခြင်း၊ စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်းနှင့် အာဏာကိုဗဟိုချုပ်ကိုင်မှုများလျော့ချခြင်းများကိုလုပ်ဆောင်ရန် ကျွန်ုပ်တို့အနေဖြင့် တောင်းဆိုအပ်သည်။

ဆင်းရဲပြီး သီးသန့်ဖယ်ထုတ်ခံနေရသောသူများ၏ မြေယာများကို ပုဂ္ဂလိကနှင့် စစ်တပ်ကသိမ်းဆည်းသောကြောင့် သူတို့၏အခွင့်အရေးများကို ငြင်းပယ်ခံနေရသည်။ တိုင်းပြည်အတွင်းရှိ အထူးစီးပွားရေးဇုံနေရာများသည် အကျိုးအမြတ်ကိုရှေ့ရှု၍ လုပ်ကိုင်နေကြပြီး ပြည်သူများအကျိုးစီးပွားအတွက် မဟုတ်ကြချေ။ အလုပ်သမားများသည် သင့်တင့်သောလစာရရှိရေးအတွက် ဆက်လက်တိုက်ပွဲဝင်နေရဆဲဖြစ်၏။ ကျွန်ုပ်တို့အနေဖြင့် စီးပွားရေးပေါ်လစီများသည် သက်ရောက်မှုခံစားရသောပြည်သူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်ပေးသည့် "အန္တရာယ်ပိုမဖြစ်စေသော" မူဝါဒကို အခြေခံရန် တောင်းဆိုအပ်သည်။

ထိုနည်းတူစွာပင် အစိုးရသည် လူငယ်များအား တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များဖြစ်လာစေမည့် အခြေခံ အုတ်မြစ်များကို ငြင်းပယ်ထားသည့် ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်သော ပညာရေးစနစ်ကို ပြန်လည် ပြင်ဆင်ရန် လုပ်ဆောင်ရမည်ဖြစ်၏။

**ငြိမ်းချမ်းရေး**

ကျွန်ုပ်တို့ဒေသသည် အချုပ်အချာအာဏာပိုင်းဆိုင်ရာများ ပါဝင်ပတ်သက်နေသည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကိစ္စများ၊ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုက်ပွဲများ။ နယ်မြေ ပိုင်ဆိုင်မှုနှင့် ရေကြောင်းပိုင်ဆိုင်မှုဆိုင်ရာ နယ်စပ်အငြင်းပွားမှုများ၊ နိုင်ငံရေးမတည်ငြိမ်မှု၊ ဆင်းရဲ မွဲတေမှု၊ လူကုန်ကူးမှု၊ အတင်းအဓမ္မရွှေ့ပြောင်းသွားလာမှု၊ သဘာဝရင်းမြစ်များအပေါ် ရယူထိမ်းချုပ် နိုင်ရန်အတွက် အားပြိုင်မှုများ၊ လူသားမျိုးနွယ်အတွက် မလုံခြုံမှုများ၊ အရှိန်မြင့်သော အကြမ်းဖက်မှုများနှင့် အထူးစိုးရိမ်ဖွယ် ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိသည်။ ထိုသို့ဖြစ်နေခြင်းသည် အာဆီယံအသင်းကြီး၏ တည်တံ့ခိုင်မြဲသော ဒေသ အတွင်း ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရန် ကျရှုံးမှုနှင့် မစွမ်းဆောင်နိုင်မှုကို သက်သေထူလျက်ရှိသည်။

အာဆီယံအသင်းကြီးကကြွေးကြော်ထားသလို ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အောင်မြင်စွာ ထိမ်းသိမ်းနိုင်ခြင်းကို မိမိတို့ မြင်တွေ့လိုသည်။ အာဆီယံဒေသအတွင်းရှိ ပဋိပက္ခများနှင့် ပဋိပက္ခလွန် အခြေအနေများသည် ဒေသ၏ လူသားမျိုးနွယ်လုံခြုံမှု၊ အထူးသဖြင့် ထိခိုက်လွယ်ပြီး ဖယ်ထုတ်ခံရသော လူအုပ်စုများအပေါ် သက်ရောက်မှုများစွာဖြစ်စေသည်။

အာဆီယံဒေသအတွင်း ဖြစ်ပွားသောပဋိပက္ခများသည် အကြောင်းအမျိုးမျိုးကြောင့်ဖြစ်ပွားသည်ကို တွေ့ရသည်။ ပဋိပက္ခအတော်များများ၏ ရေသောက်မြစ်မှာ မတရားသောဆက်ဆံမှုများ၊ သဘာဝရင်းမြစ်များကို မညီမမျှ ခွဲဝေယူမှုများနှင့် ပြည်သူများ၏အခွင့်အရေးများကို ငြင်းငယ်မှုများကြောင့် ဖြစ်ပွားရသည်ကိုတွေ့ရသည်။ ထိုအကြောင်းအရာများသည် ဒေသအတွင်း တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် လူသားမျိုးနွယ်လုံခြုံမှုများကို ရရှိခံစားနိုင်ရန်အတွက် အဟန့်အတားများဖြစ်သည်။ အာဆီယံဒေသတစ်ခုလုံးအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အပေါ် နိုင်ငံအတွင်းနှင့် နိုင်ငံများအကြားတွင်ဖြစ်ပွားသောပဋိပက္ခများက သက်ရောက် စေခြင်းများနှင့် ဒေသအတွင်းဖြေရှင်းနိုင်မည့်ယန္တယားမရှိခြင်းတို့ကို အသိအမှတ်ပြုပြီးနောက် ဒေသအတွင်း တားဆီးရေးနှင့် အရေးပေါ်တုန့်ပြန်မှုယန္တယားအနေဖြင့် အငြင်းပွားမှုနှင့် ပဋိပက္ခတားဆီးရေး ဖြေရှင်းမှု ယန္တယားတစ်ခုကို ထူထောင်ရန် အကြံပြုလိုသည်။

ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် အစိုးရ၊ အစိုးရမဟုတ်သည့်အဖွဲ့သူများနှင့် အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဒေသခံများနှင့် ရိုးရာဓလေ့များဖြင့်လုပ်ကိုင်နေသော ကနဦးကြိုးပမ်းလုပ်ဆောင်ချက်များကို အသိအမှတ်ပြုရန်လိုသည်။ အမျိုးသမီးများနှင့် လူငယ်များသည် သူတို့ဘဝပေါ်သက်ရောက်မှုများစွာခံစားကြရသော်လည်း သူတို့၏

ပါဝင်မှုမှာ မေ့လျော့ခံနေရသည်။ ငြိမ်းချမ်းရေးလုပ်ငန်းကိုဆောင်ရွက်နေသောအစိုးရအနေဖြင့် မိမိတို့၏ ရိုးသားမှုကိုပြသနိုင်ရန်အတွက် ပဋိပက္ခကာလအတွင်း ပြည်သူတို့၏အကျိုးစီးပွားကို ဦးထိပ်ထား လုပ်ဆောင်ပြရန်လိုအပ်သည်။ တချို့သောကိစ္စမျိုးတွင် နိုင်ငံတကာအသိုင်းအဝိုင်း၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပဋိပက္ခဖြစ်နေသောဒေသများအတွင်း ရင်းနှီးမြှုပ်နှံနေသောပုဂ္ဂလိကလုပ်ငန်းရှင်များက ဖြစ်ပွားနေသောပဋိပက္ခကို ပိုမိုဆိုးပါးစေသည်။

## အကြံပြုတင်ပြချက်များ

- အာဆီယံချာတာကို ပြန်လည်သုံးသပ်ရာတွင် ဒေသဆိုင်ရာ အငြင်းပွားမှုတားဆီးရေးနှင့် ဖြေရှင်းရေးယန္တယားကို အခန်းတစ်ခုအနေဖြင့် ထည့်သွင်းရန်၊
- အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅၊ စီဒေါနှင့် အထွေထွေအကြံပြုချက်အမှတ် (၃၀)တို့နှင့်ကိုက်ညီသော အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဆင့်စီမံကိန်းကို ဖော်ဆောင်ရန်၊
- စစ်အသုံးစားရိတ်များ လျော့ချခြင်း၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုများအတွက် နိုင်ငံတော်ဘတ်ဂျက်များကို တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာစွာအသုံးချမှုရှိအောင် သေချာစေခြင်း၊ အမျိုးသမီးများအား အဓိပ္ပာယ်ရှိသောပါဝင်မှုရှိစေခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်မှု အဆင့်တိုင်းအဆင့်တိုင်းတွင် ကိုယ်စားပြုမှုရှိစေခြင်းများဖြစ်လာစေမည့် အမျိုးသမီးခေါင်းဆောင်မှုများ၊ ရပ်ရွာအတွင်း လိင်စိတ်အမြင်များအပေါ်အခြေခံသည့် ခွဲခြားဖိနှိပ်မှုများနှင့် အကြမ်းဖက်မှုများကို တွန်းလှန်နိုင်ရန်အတွက် ရပ်ရွာပညာပေးမှုများ ပါဝင်သော စွမ်းရည်မြင့်ပတ်ဝန်းကျင်များ ဖန်တီးပေးခြင်းများကိုလုပ်ဆောင်ပြီး အာဆီယံနိုင်ငံရေးအဝန်းအဝိုင်းတွင်ဖော်ပြထားသလို ပြည့်ဝလွှမ်းခြုံမှုရှိသော လုံခြုံရေးအတွက် သံမိဌာန်ချထားကြောင်း ပြသရန်၊
- သမရိုးကျနှင့် သမရိုးကျမဟုတ်သောပညာရေးစနစ်များက အဆင့်အသီးသီးတွင် ငြိမ်းချမ်းရေးပညာပေး အစီအစဉ်များကို လိင်စိတ်အမြင်နှင့် လူ့အခွင့်အရေးရှုထောင့်များဖြင့် ပေါင်းစပ်လုပ်ဆောင်သွားရန်၊ လူငယ်များနှင့် လူထုအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းလုပ်ဆောင်မှုများကို ထောက်ခံအားပေးရန်၊
- ငြိမ်းချမ်းရေးတိုးတက်မြင့်မားလာစေရန်အတွက် ရေးရိုးစဉ်လာနှင့် ဒစ်ဂျစ်တယ်မီဒီယာများတွင် ငြိမ်းချမ်းရေးအကြောင်းများ ထည့်သွင်းတင်ပြစေခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်နှင့် သတင်းမီဒီယာလွတ်လပ်ခွင့်များကို သေချာစေရန်၊

## လူ့အခွင့်အရေးနှင့် တရားမျှတမှု

အာဆီယံဒေသအတွင်းရှိတိုင်းပြည်များတွင် နိုင်ငံအလိုက်လူ့အခွင့်အရေးယန္တယားများ ရှိကြသော်လည်း လူ့အခွင့်အရေးကာကွယ်ရေးနှင့် တရားဥပဒေကို ရရှိခံစားနိုင်မှုတို့နှင့်ပတ်သက်၍ စိမ်ခေါ်မှုပေါင်းများစွာကို ဆက်လက်ကြုံတွေ့နေရသည်။ အထူးသဖြင့် ထိခိုက်လွယ်ပြီး ပယ်ထုတ်ခံရသောသူအုပ်စုများတွင် ပိုမို ရင်ဆိုင်ကြရသည်။

အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ လိင်တူချစ်သူများနှင့် လိင်နှစ်မျိုးလုံးပါရှိသူများအပါအဝင် လိင်စိတ်အမျိုးမျိုးကွဲပြားသူများသည် အနာဂတ်ကိုပုံဖော်ရာတွင် အာဆီယံနိုင်ငံများ၏ လစ်လျူရှုခြင်းကို ခံစားနေရဆဲဖြစ်၏။ အမျိုးသမီးများအားအကြမ်းဖက်ခြင်းသည် အမျိုးသမီးများအခွင့်အရေးများရရှိခံစားခွင့်နှင့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်ဆုံးဖြတ်ချက်တွင် ပါဝင်ခွင့်များအပေါ် ပိတ်ပင်တားဆီးရာဖြစ်စေပါသည်။ အာဆီယံနိုင်ငံများအားလုံးသည် စီဒေါစာချုပ်နှင့် တခြားနိုင်ငံတကာစာချုပ်များ၊ ကြေညာစာတမ်းများကို လက်မှတ်ရေးထိုးထားပြီးဖြစ်သော်လည်း အာဆီယံအသင်းကြီးသည် အမျိုးသမီးအပေါ်အကြမ်းဖက်မှုအား ထိရောက်သော၊ အခွင့်အရေးကို အခြေခံသော၊ ရည်ညွှန်းပြအချက်အလက်အပေါ် အခြေပြုသော စောင့်ကြပ်မှုယန္တယားတစ်ခု ထူထောင်ရန် ပျက်ကွက်နေသည်။ ထိုနည်းတူစွာပင် ပြည်သူများ အထူးသဖြင့် အမျိုးသမီးနှင့်ထိခိုက်လွယ်၊ ဖယ်ရှားခံအုပ်စုဝင်များအနေဖြင့် လိင်နှင့်မျိုးပွားမှုဆိုင်ရာကျန်းမာရေးနှင့် အခွင့်အရေးကို ရရှိခံစားနိုင်ရန် အလှမ်းကွာလျက်ရှိနေသေးသည်။ ထို့မှုမက လိင်ပိုင်းဆိုင်ရာအသိပညာပေးမှုနှင့် လူငယ်များနှင့်ကိုက်ညီသော ဝန်ဆောင်မှုများ ကင်းမဲ့ခြင်း၊ လက်ရှိဖြစ်ပေါ်နေသော လိင်အမြင်ပိုင်းဆိုင်ရာ တန်းတူညီမျှမရှိခြင်း၊ စိတ်ထိခိုက်ခံစားရမှုနှင့် ခွဲခြားမှုများရှိနေခြင်းတို့က လူငယ်များကို လိင်ပိုင်းနှင့် မျိုးပွားမှုဆိုင်ရာကျန်းမာရေးနှင့် အခွင့်အရေးသတင်းအချက်အလက်များမရရှိအောင် အတားအဆီးများ ဖန်တီးပေးနေသည်။ လိင်စိတ်ခံယူမှု၊ လိင်ဂိသေသထုတ်ဖော်ပြောဆိုမှုအမျိုးမျိုးကွဲပြားသူများသည် အာဆီယံပြည်သူများအားလုံးရရှိခံစားခွင့်ရှိသည့် အခြေခံအခွင့်အရေးများ၊ လွတ်လပ်ခွင့်များ၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များခံစားခွင့်တို့ကိုဆက်လက်ငြင်းဆန်ခံနေရပြီး ရာဇဝတ်မှုအဖြစ် သတ်မှတ်မှုကို ရင်ဆိုင်နေရဆဲဖြစ်သည်။

ရွှေ့ပြောင်းခြင်းသည် အာဆီယံဒေသအတွင်းအမှန်တကယ်ဖြစ်ပျက်နေသောအဖြစ်တစ်ခုဖြစ်ပြီး အာဆီယံအသင်းအနေဖြင့် ရွှေ့ပြောင်းသွားလာသူများ အထူးသဖြင့် အတင်းအကြပ်ရွှေ့ပြောင်းသွားလာနေရသူနှင့် နိုင်ငံမဲ့များအပေါ် လုံလောက်သော ကာကွယ်မှုများ မလုပ်ဆောင်နိုင်သေးချေ။ အထူးသဖြင့်ကလေးများသည် ရွှေ့ပြောင်းသွားလာခြင်း၏ မကောင်းသည့်ဆိုးကျိုးများ၏ သက်ရောက်မှုကို ပိုမိုခံစားရတတ်ပြီး ရွှေ့ပြောင်းသွားလာနေသောကလေးအတော်များများကို လက်ရှိဥပဒေများနှင့် ဥပဒေစိုးမိုးရေးအာဏာပိုင်များက အသိအမှတ်မပြုကြပေ။ ထို့ကြောင့် ထိုကလေးများသည် အခြေခံဝန်ဆောင်မှုများရရှိခံစားရန်အတွက် ငြင်းပယ်ခံနေရပြီး စီးပွားရေးနှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများ၊ အနိုင်ကျင့်စော်ကားခံရမှုများနှင့် လစ်လူရှုခံရခြင်းများအား ကြုံတွေ့နိုင်သည့် အထူးစိုးရိမ်ရေမှတ်ကို ရောက်နေသည်။ အာဆီယံနိုင်ငံအများစု၏ အလုပ်သမားများ၏လုပ်ခဝင်ငွေသည် ကုန်ကျစားရိတ်ထက် အလွန်လျော့နည်းနေပြီး နေ့စဉ်အသုံးစားရိတ်ကိုပင်မကာမိပေ။ ထိုအခြေအနေမျိုးတွင် ရွှေ့ပြောင်းအလုပ်သမားများသည် အခြေခံအခွင့်အရေးများဖြစ်သော လွတ်လပ်စွာသွားလာခွင့်၊ စုဝေးခွင့်၊ အရည်အသွေးရှိသောပညာရေးနှင့် ကျန်းမာရေး၊ ဥပဒေကုစားမှုတို့ကို လက်လှမ်းမှီခွင့်တို့အား ငြင်းပယ်ကန့်သတ်ခံနေရပြီး ခွဲခြားဖိနှိပ်မှုများကို ပိုမိုရင်ဆိုင်နေကြသည်။

အထက်ပါအကြောင်းအရာများကို AICHR နှင့် ACWC တို့က ဖြေရှင်းပေးရန် ပျက်ကွက်နေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖွဲ့များတွင် လုပ်ဆောင်နိုင်မှုပါဝါများမရှိသောကြောင့်ဖြစ်၏။ ထိုသို့အားနည်းရသော

အကြောင်းရင်းများထဲမှတစ်ခုမှာ AICHR ၏ လုပ်ပိုင်ခွင့်တာဝန်များ၏ အားနည်းချက်ကြောင့်ပင်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင်ပြန်လည်သုံးသပ်တော့မည့်ထိုလုပ်ပိုင်ခွင့်ကို တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်နိုင်မည်ဆိုပါက ထိုလုပ်ပိုင်ခွင့်တာဝန် အထူးသဖြင့် လူ့အခွင့်အရေးကာကွယ်မှုအပိုင်းကို အကျိုးရှိစေမည်ဖြစ်၏။ လုပ်ပိုင်ခွင့် တာဝန်များထဲတွင် အဓိကပြဿနာမှာ လက်ရှိသတ်မှတ်ထားသော အများဆန္ဒခံယူချက်ဖြင့် ဆုံးဖြတ်ချက် ချခြင်း၊ ပြည်တွင်းရေးမစွက်ဖက်ရခြင်းနှင့် ကော်မရှင်၏ လွတ်လပ်မှုမရှိခြင်းတို့ဖြစ်ပြီး ထိုအချက်များကို အာဆီယံနိုင်ငံများအနေဖြင့် တင်ပြဆွေးနွေးရန်လိုသည်။ ထိုလုပ်ပိုင်ခွင့်တာဝန်များအပေါ် ပြန်လည်သုံးသပ်ရာ တွင် အခြားလူ့အခွင့်အရေးဆိုင်ရာဌာနများဖြစ်သော ACSC နှင့် နိုင်ငံတော်အဆင့် လူ့အခွင့်အရေးကော်မရှင် များသာမက လူထုအဖွဲ့အစည်းများနှင့် အားလုံးပါဝင်မှုရှိပြီး အဓိပ္ပာယ်ပြည့်ဝသော ပူးပေါင်းပါဝင်မှုရှိရန်ကို သေချာဖို့ အရေးကြီးလှသည်။

## **အကြံပြုတင်ပြချက်များ**

- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့်ပတ်သက်၍တိုးတက်လာမှုများကို ဘက်ပေါင်းစုံက စောင့်ကြည့်နိုင်မှုကို သေချာစေရန်အတွက် မတူကွဲပြားသည့်အမျိုးသမီးများတည်ရှိမှုကို အသိအမှတ် ပြုသော ရည်ညွှန်းကိန်းဂဏန်းများ ဖော်ထုတ်ရန်၊ အာဆီယံအစိုးရများသည် ရည်ညွှန်းကိန်းဂဏန်းများ အားအခြေပြုသည့် နည်းလမ်းများကိုအသုံးချပြီး အမျိုးသမီးများအားအကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းများ၊ ပဋိပက္ခများကို ဖြေရှင်းနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်း အမျိုးသမီး များပါဝင်စေခြင်းစသည့်ဆိုင်ရာ အစိုးရ၏ကတိပြုထားချက်များကို အကောင်အထည်ဖော်စောင့်ကြပ်ရာ တွင် လူထုအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ရန်။
- အမျိုးသမီးများ၊ လူငယ်များနှင့် အခြားထိခိုက်လွယ်ပြီး ဖယ်ထုတ်ခံရသောအုပ်စုများ၏ လိင်ပိုင်းနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေးများ တိုးတက်ကောင်းမွန်စေရန်အတွက် ပိုမိုခိုင်မာသော နိုင်ငံရေးဓိဋ္ဌာန်များပြသပြီး တည်တံ့ခိုင်မြဲသည့် ရင်းနှီးမြှုပ်နှံမှုများပြုရန်၊ ထိုသို့လုပ်ဆောင်ရာတွင် ဘက်ပေါင်းစုံပါဝင်သည့် လိင်ပိုင်းဆိုင်ရာပညာပေးမှုနှင့် လူငယ်များနှင့်သင့်တော်ကိုက်ညီသည့် ဝန်ဆောင်မှုများပေးခြင်းမျိုးလဲ အကြုံးဝင်သည်။
- လိင်တူချစ်သူများ၊ လိင်နှစ်မျိုးလုံးပါဝင်သူများအပါအဝင် လိင်စိတ်ခံယူမှု၊ လိင်ဂိုသေသထုတ်ဖော် ပြောဆိုမှုအမျိုးမျိုးကွဲပြားသူများအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရာဇဝတ်မှုအဖြစ် သတ်မှတ်ခံရစေသော ဥပဒေများနှင့် စည်းမျဉ်းများကို အမြန်ဆုံးပြင်ဆင်ရန်၊ လိင်တူချစ်သူများ၊ လိင်နှစ်မျိုးလုံးပါဝင်သူများအပါအဝင် လိင်စိတ်ခံယူမှု၊ လိင်ဂိုသေသထုတ်ဖော်ပြောဆိုမှု အမျိုးမျိုးကွဲပြားသူများနှင့်တိုင်ပင်ဆွေးနွေးပြီး တက်ကြွသော တွေ့ဆုံမှုများလုပ်ဆောင်၍ နိုင်ငံတော် အဆင့်ဥပဒေများနှင့် ဒေသအတွင်းရှိ လူ့အခွင့်အရေးစာချုပ်များကို ကုလသမဂ္ဂလူ့အခွင့်အရေးစာချုပ် များ၊ ဂျော်ဂျာကာတာမူဝါဒများနှင့် လိုက်လျောညီထွေဖြစ်စေရန်၊
- ကလေးများ၊ အတင်းအကြပ်ရွှေ့ပြောင်းသွားလာရသူများနှင့် နိုင်ငံမဲ့သူများအား ဖမ်းဆီးချုပ်နှောင်သည့် စခန်းများကို ရပ်တန့်ပြီး ထိုသူများအား ဖမ်းဆီးခြင်းထက် တစ်ခြားနည်းများကို ဖော်ဆောင် ဆောင်ရွက်ရန်၊ အတင်းအကြပ်ရွှေ့ပြောင်းသွားလာသူများအား ဖမ်းဆီးချုပ်နှောင်ခြင်းကို နောက်ဆုံး နည်းလမ်းအဖြစ်သာ အသုံးပြုရန်၊ ဘေးဒဏ်နှင့် သဘာဝ ဖောက်ပြန်မှုများကြောင့် ထွက်ခွာလာရ

သူများအပါအဝင် ရွှေ့ပြောင်းသွားလာနေသောကလေးများ၏အခွင့်အရေးကို ခွဲခြားဖိနှိပ်ခြင်းမရှိဘဲ မသင်မနေရ အခမဲ့အခြေခံပညာရေးကို ရရှိစေခြင်း၊ အရည်အသွေးရှိသော ကျန်းမာရေးရရှိစေခြင်း၊ ဥပဒေအရကာကွယ်ပေးခြင်း၊ တခြားသောနည်းလမ်းများဖြင့် စောင့်ရှောက်ပေးခြင်း၊ စော်ကားအမြတ်ထုတ်မှုမျိုးစုံမှ ကာကွယ်ပေးခြင်းတို့ဖြင့် ကာကွယ်မြှင့်တင်ပေးရန်၊

- ရွှေ့ပြောင်းအလုပ်သမားများအပါအဝင်အလုပ်သမားများ၏ အခွင့်အရေးများဖြစ်သည့် ခွဲခြားဆက်ဆံမှုမရှိခြင်း၊ တရားဝင်ခြင်းမဝင်ခြင်းအဆင့်အတန်းမရွေး၊ တန်းတူ လူမှုရေးနှင့် အလုပ်သမားအခွင့်အရေးများ ရရှိစေခြင်း၊ အခမဲ့ဖြစ်သော ဥပဒေပိုင်းဆိုင်ရာကူညီမှုနှင့် အခွင့်အရေးဆိုင်ရာပညာပေးမှုရရှိပြီး ဥပဒေကုစားပေးမှုများရရှိစေခြင်းတို့ကို အာမခံပေးရန်၊ အာဆီယံအစိုးရများကိုမိမိတို့၏အခွင့်အရေးများဖြစ်သည့် ဆန္ဒပြခွင့်အပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်နှင့်အဖွဲ့အစည်းဖွဲ့စည်းခွင့်များကိုကျင့်သုံးသည့် အလုပ်သမားများအပေါ် ဖိနှိပ်မှုမျိုးစုံအား ချက်ချင်းရပ်တန့်ရန် တောင်းဆိုသည်။ အသက်ရှင်နေထိုင်ရန်လိုအပ်သည့် အခြေခံလုပ်အားခများရရှိရန်၊ အာဆီယံဒေသအတွင်းရှိ အလုပ်သမားအားလုံးအတွက် သင်တင့်လျောက်ပတ်သည့်လုပ်ငန်းများရရှိအောင်လုပ်ဆောင်ရန် တောင်းဆိုသည်။
- လိင်အလုပ်သမားများကို သူတို့၏စီးပွားရေးအကျိုးပြုမှု၊ အာဆီယံဒေသအတွင်း ခရီးသွားလည်ပတ်မှုလုပ်ငန်းကဆောင်ကျဉ်းလာသော အခွင့်အလမ်းများနှင့် အကျိုးစီးပွားများဖန်တီးပေးမှုတို့ကြောင့်တန်းတူအခွင့်အရေးများခံစားထိုက်သူများအဖြစ် အသိအမှတ်ပြုရန်၊ နိုင်ငံတော်အဆင့်အလုပ်သမားဥပဒေဖြင့် တန်းတူကာကွယ်ပေးမှုများ၊ ခွဲခြားဖိနှိပ်မှုများက ကင်းဝေးစေခြင်းများ လုပ်ဆောင်ပေးရန်၊

## ဖွံ့ဖြိုးတိုးတက်မှု

ကျွန်ုပ်တို့ဒေသသည် လူသားမွေးဖွားမှုနှုန်းများနိမ့်ကျမှုနှင့် လူ့သက်တမ်းမြင့်မားလာမှုတို့ကြောင့် သက်ကြီးရွယ်အိုဦးရေများ လျင်မြန်စွာတိုးတက်ခြင်း၊ ကမ္ဘာလွှမ်းခြုံမှုနှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များ၏ သက်ရောက်မှုများကြောင့် လူမှုရေး၊ စီးပွားရေး၊ လိင်အခြေပြုအမြင်များ မညီမျှဖြစ်ခြင်းဆိုသည့် စိမ်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ လက်ရှိဖြစ်ပျက်နေသော တည်တံ့ခိုင်မြဲမှုမရှိသည့် ဈေးကွက်စနစ်နှင့် အရင်းရှင်ကုမ္ပဏီများကို အခြေပြုသော စီးပွားရေးပေါ်လစီများက ကျွန်ုပ်တို့၏ သဘာဝရင်းမြစ်များကိုပျက်စီးစေခြင်း၊ ရာသီဥတုကိုဖောက်ပြန်စေသော အစိမ်းရောင်အိုဇုန်းလွှာပေါက်ခြင်း၊ ဆင်းရဲမွဲတေမှုကိုပိုမိုဆိုးဝါးစေခြင်းနှင့် ဝေါမွတ်မှုတိုးပွားစေခြင်း၊ တိုင်းပြည်အတွင်းနှင့် နယ်စပ်ကျော်ဖြတ်သည့်အလုပ်သမားများကို ပိုမိုထိခိုက်လွယ်အောင်ဖြစ်စေခြင်း၊ ထိခိုက်လွယ်ပြီး ဖယ်ထုတ်ခံနေရသောအုပ်စုများအတွက်လူမှုကာကွယ်ပေးမှုနှင့် အခြေခံဝန်ဆောင်မှုများကင်းမဲ့စေခြင်း၊ ရပ်ရွာများကိုအခြေအနေဆိုးသို့ရောက်ရှိစေသော မြေယာသိမ်းဆည်းမှုများ၊ ပြည်သူတို့၏ အထူးသဖြင့် မူရင်းဌာနေလူမျိုးစုများ၏ သက်မွေးဝမ်းကျောင်းဘဝများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် စုပေါင်းခံစားခွင့်အခွင့်အရေးများကို လုယူခြင်းကိုကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေခြင်းတို့ကို အထူးသဖြင့် တိုင်းရင်းသားနှင့် မူရင်းဌာနေလူမျိုးများနေထိုင်သည့်ဒေသအတွင်းတွင် ဖြစ်ပွားစေသည်။ ကြီးမားကျယ်ပြန့်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကအစုလိုက်အပြုံလိုက် ပြောင်းရွှေ့ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုကို ပိုမိုဆိုးဝါးစေသည်။ Sombath

Somphone ကဲ့သို့ ထိုရလာဒ်ဆိုးများကိုထုတ်ဖော်ပြောဆိုပြီး ရေရှည်တည်တံ့သော ပါဝင်မှုရှိသောဖွံ့ဖြိုးမျိုးကို အားပေးထောက်ခံသောသူမျိုးကဲ့သို့ လူထုအဖွဲ့အစည်းခေါင်းဆောင်များသည် ပိုမိုပစ်မှတ်ထားခံနေရသည်။ အကယ်၍သာယခုလို အန္တရာယ်ရှိသောဖွံ့ဖြိုးမှုပေါ်လစီများအတိုင်းသာ ဆက်လက်လုပ်ဆောင်မည်ဆိုပါက အာဆီယံစီးပွားရေးအဝန်းအဝိုင်းသည် ပိုမိုဆိုဂါးသည့်အခြေအနေကိုသာ ဆောင်ကျဉ်းပေးလိမ့်မည့်အပေါ် ကျွန်ုပ်တို့ အထူးစိုးရိမ်မိသည်။

အာဆီယံအတွင်းရှိလက်ရှိဖွံ့ဖြိုးရေးလမ်းကြောင်းသည် ရောမရေအားလျှပ်စစ်စီမံကိန်းဆည်ကြီးများ၊ အလွန်အကျွံထုတ်ယူသော ကုန်ထုတ်လုပ်မှုများ၊ ငွေရလွယ်စိုက်ပျိုးရေးစီမံကိန်းကြီးများ တိုးချဲ့မှုများ၊ ရာသီဥတုဖေါက်ပြန်မှုများ၊ တာဝန်ယူမှုကင်းမဲ့သော ကုမ္ပဏီကြီးများ၏ ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးလုပ်ငန်းများတွင် အစိုးရနှင့် စစ်တပ်က ပါဝင်ပတ်သက်နေမှုများသာဖြစ်နေသည်။ ရပ်ရွာပတ်ဝန်းကျင်နှင့် ၎င်းတို့၏ သက်မွေးဝမ်းကျောင်းဘဝများ၊ မြေယာများ၊ သဘာဝရင်းမြစ်များ၊ ရေနှင့်အစားအစာ ပိုင်ဆိုင်မှုနှင့် လုံခြုံမှုများ၊ ဂိုသေသများ၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အဆိုးဖက်သက်ရောက်မှုများဖြစ်စေပြီး ဒေသအတွင်း ပဋိပက္ခများနှင့် မတည်ငြိမ်မှုများကို တိုးပွားစေသည်။

အာဆီယံခေါင်းဆောင်များသည် လူထုကိုအမှန်တကယ်အကျိုးပြုပြီး လူထု၏သယယာဝပြောမှုကို ဗဟိုပြုသည့် မျှတသော၊ လူတိုင်းအပေါ်ခံစားနိုင်မှုဖြစ်စေသော။ တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးပုံစံထက် စီးပွားရေးဖွံ့ဖြိုးရေးကို ဦးစားလုပ်ဆောင်နေလျက်ရှိသည်။ လူမှုကာကွယ်ရေးများနှင့် အခြေခံဝန်ဆောင်မှုများသည် ဦးစားမပေးဘဲ ကန့်သတ်ခံနေရခြင်း၊ အားလုံးပါဝင်ပတ်သက်မှုမရှိခြင်းနှင့် လူသားတို့၏ဂုဏ်သိက္ခာကို ပြည့်ပြည့်ဝဝ မဆောင်ကျဉ်းပေးနိုင်ခြင်းတို့ကို ရင်ဆိုင်နေရသည်။ ရင်းနှီးမြှုပ်နှံမှုများနှင့် ဖွံ့ဖြိုးရေးစီမံကိန်း၏ သက်ရောက်မှုကိုခံစားရသည့် ဒေသခံပြည်သူလူထုသည် ထိုစီမံကိန်းများနှင့်ပတ်သက်၍ လုံလောက်သင့်လျော်သောသတင်းများမရရှိခြင်း၊ အနှစ်သာရရှိရှိတိုင်ပင်ဆွေးနွေးမှုမရခြင်း၊ သူတို့၏စိတ်ဆန္ဒများကို တောင်းခံမှုမပြုခြင်း၊ ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မရှိခြင်းတို့ကို ကြုံနေရသည်။

အာဆီယံနိုင်ငံအများစုတွင် အဓိကမြေယာများ၊ သဘာဝရင်းမြစ်များ အလုပ်သမားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေကျင့်ထုံးများအသင့်အတင့်ရှိသော်လည်း ထိုဥပဒေနှင့် စည်းမျဉ်းများ၏ အာဏာသက်ရောက်မှုမှာ စိမ်ခေါ်မှုဖြစ်နေဆဲဖြစ်သည်။ လာဒ်ပေးလာဒ်ယူမှုများနှင့် တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုများကင်းမဲ့နေမှုတို့က ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၏ ဒေသခံရပ်ရွာများအပေါ် သက်ရောက်မှုအား ဆိုးကျိုးများဖြစ်စေသည်။ သယံဇာတများပေါများသည့်ဒေသများတွင် စစ်ရေးလွှမ်းမိုးချုပ်ကိုင်ခြင်းကနေ၍ ဒေသခံများအား အတင်းအကြပ်ပျောက်ဆုံးစေခြင်း၊ တရားလက်လွတ်သတ်ဖြတ်ခံရခြင်း၊ လယ်ယာမြေများသိမ်းခံရခြင်းနှင့် ရပ်ရွာများကို နေရာပြောင်းရွှေ့ခံရခြင်းစသည့်ရလာဒ်များကို ဖြစ်ပေါ်စေသည်။

**အကြံပေးတင်ပြချက်**

- ပညာရေး၊ ကျန်းမာရေး၊ လူတိုင်းအတွက်လူမှုကာကွယ်ရေး၊ ဆင်းရဲမှုပပျောက်ရေး၊ အစားအစာ ရရှိပိုင်ဆိုင်ရေးနှင့် လုံခြုံရေး၊ လူထုကိုအကျိုးရှိစေမည့် စီးပွားရေးဌာနများ၊ အစိုးရနှင့် ကုမ္ပဏီများကို တာဝန်ခံမှုရှိစေမည့် ထိရောက်သော စည်းမျဉ်းများအပေါ် ပိုမိုအာရုံစိုက်လုပ်ဆောင်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းတို့ အပါအဝင် ရာသီဥတုပြောင်းလဲခြင်းနှင့် ကမ္ဘာလွှမ်းခြုံမှုတို့၏ သက်ရောက်မှုများကို တန်ပြန်နိုင်မည့် လုပ်ဆောင်ချက်များ ချမှတ်လုပ်ဆောင်ရန်၊
- လွတ်လပ်စွာစောင့်ကြပ်နိုင်မည့်ယန္တယား၊ နယ်နမိတ်များဖြတ်ကျော်သည့် သယံဇာတများခွဲဝေခြင်း အတွက် ဒေသဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ မူရင်းဌာနေလူမျိုးများအခွင့်အရေးအပါအဝင် ပြည်သူ လူထု၏အခွင့်အရေးများကို ကာကွယ်ပြီး နယ်စပ်ဖြတ်ကျော်သက်ရောက်မှုများအား ဖြေရှင်းခြင်း၊ ပျက်စီးမှုများဖြစ်စေမည့် ရေအားလျှပ်စစ်ဆည်များတည်ဆောက်မှုအား ရပ်တန့်ခြင်းနှင့် ပြန်လည် ထုတ်ယူနိုင်ပြီး တည်တံ့ခိုင်မြဲမှုရှိမည် စွမ်းအင်အခြားနည်းများကို အားပေးခြင်းများအပါအဝင် အာဆီယံအတွင်း သဘာဝပတ်ဝန်းကျင်အဝန်းအဝိုင်းကို ထည့်သွင်းထူထောင်ရန်၊
- အာဆီယံပြည်သူများအားလုံး၏အခွင့်အရေးနှင့် ဘဝသာယာရေးတို့ကို ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်နှင့် ဒေသဆိုင်ရာရင်းနှီးမြုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအား ဒီဇိုင်းဆွဲခြင်း၊ အကောင် အထည်ဖော်ခြင်းနှင့် စောင့်ကြပ်ခြင်းလုပ်ငန်းစဉ်များတွင် ရပ်ရွာလူထုနှင့် မူရင်းဌာနေလူမျိုးများ၊ လူထုအဖွဲ့အစည်းများ၊ ထိခိုက်လွယ်ဖယ်ရှားခံအုပ်စုများအပါအဝင် ပါဝင်ပတ်သက်နေသောသူများ ပါဝင်မှုများ၊ တာဝန်ခံမှုများနှင့် ပွင့်လင်းမြင်သာမှုများကိုသေချာစေမည့် ကာကွယ်စောင့်ရှောက်မှု ပေါ်လစီတစ်ခုကို ချမှတ်ရန်၊
- ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်မူဝါဒများ၊ အလွန်အကျွံ ထုတ်ယူတူးဖော်မှုလုပ်ငန်း၏ပွင့်လင်းမြင်သာမှု ကနဦးလုပ်ဆောင်ချက်၊ ISO 26000 များအပါအဝင် နိုင်ငံတကာ၏ကောင်းမွန်သောလုပ်ဆောင်ချက်များကို လိုက်နာပြီး လိုက်လျောညီထွေမှုဖြစ်အောင် လုပ်ဆောင်၍ သက်ရောက်မှုခံစားရသည့်သူများနှင့် ရပ်ရွာများ အခွင့်အရေးများကို လေးစားရန်၊ သက်ရောက်မှုခံစားရသည့် ရပ်ရွာများနှင့် ပြည့်ပြည့်ဝဝ အဓိပ္ပာယ်ရှိရှိတိုင်ပင်ခြင်းများ၊ သင့်တင့် သင့်လျော်သော နစ်နာကြေးများပံ့ပိုးပေးခြင်းနှင့် ပြည်သူများကပြောင်းရွှေ့ရန် သဘောတူသော ဖြစ်စဉ်မျိုးတွင် လုံလောက်သော ပြန်လည်နေရာချထားမှုကို သေချာစေခြင်းများ အပါအဝင် ပြည်သူတို့၏ နေထိုင်မှုဘဝကို တိုးတက်အောင် လုပ်ဆောင်ပေးရန်၊
- မကြာမီကပေါ်ပေါက်ခဲ့ပြီး အားလုံးလွှမ်းခြုံပါဝင်မှုရှိစေမည့် အာဆီယံ လူမှုလုံခြုံမှုကို အားကောင်း စေခြင်းဆိုင်ရာကြေညာစာတမ်းကို လူထုအဖွဲ့အစည်းများ၊ ပြည်သူနှင့်အောက်ခြေအဖွဲ့များနှင့် လူတစ်ဦးချင်းစီ၏ အနစ်သာရရှိပြီး အကြောင်းတရားများပါဝင်သည့် ပါဝင်နိုင်စေမှုများဖြင့် အကောင်အထည်ဖော်ရန်၊

**ဒီမိုကရေစီ တိုးတက်ထွန်းကားခြင်း**

ဒီမိုကရေစီဆိုသည်မှာ "ပြည်သူများက အုပ်ချုပ်ခြင်း" ဟု အဓိပ္ပာယ်ဖွင့်သည့်အားလျော်စွာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို ရရှိခံစားခွင့်ရှိခြင်းအားဖြင့် ပြည်သူတို့၏ဘဝကို သူတို့ကိုယ်တိုင် အုပ်ချုပ် ဆုံးဖြတ်ပိုင်ခွင့်ပြုထားခြင်းဖြစ်သည်။ အာဆီယံအသင်းသည် အာဆီယံချာတာနှင့် အဝန်းအဝိုင်းမူကြမ်းများ

ထဲတွင်ရေးသားဖော်ပြထားသလို "လူထုလွှမ်းခြုံမှုရှိသောအာဆီယံ"အဖြစ်သို့ တိုးတက်လာအောင် အာဆီယံ ပေါင်းစည်းရေးလုပ်ငန်းစဉ်အဆင့်များနှင့် အာဆီယံ့အဖွဲ့ဂန်းအပိုင်းထူထောင်ရာတွင် လူမှုအသိုင်းအပိုင်းအတွင်းရှိ အလွှာတိုင်း ပါဝင်လာအောင် အားပေးခြင်း၊ အကျိုးခံစားမှုရှိစေခြင်းတို့အတွက် ဆုံးဖြတ်လုပ်ကိုင်ရန်။ သို့သော် ထိုသို့အကောင်အထည်ဖော်ရာတွင် အစိုးရများ၏ စိတ်ဆုံးဖြတ်မှုအပိုင်းမှာ အောင်မြင်မှုနှင့် အလှမ်းကွာ နေလျက်ရှိသေးသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အရေးတယူအာရုံစိုက်လုပ်ကိုင်ရန်လိုအပ်နေ သေးသည့် အရေးကြီးသောအကြောင်းအရာများ ဒေသအတွင်းတွင် ရှိနေဆဲဖြစ်သည်။

ဆက်လက်တည်ရှိနေသော စစ်ဥပဒေများ၊ အရပ်သားအစိုးရများကို စစ်တပ်က ခြိမ်းခြောက်နေမှုများ၊ စီးပွားရေးရင်းမြစ်များကို စစ်တပ်က ထိမ်းချုပ်ထားမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် လိုက်လျောညီထွေ မဖြစ်သည့် ကာကွယ်ရေးပေါ်လစီများက ဒီမိုကရေစီတိုးတက်ထွန်းကားခြင်းနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှု ကို အထူးအဟန့်အတားဖြစ်စေသည်။

ပြည်သူလူထုတိုင်း အထူးသဖြင့် ထိခိုက်လွယ် ဖယ်ထုတ်ခံရသောအုပ်စုများသည် အာဆီယံပေါင်းစည်းခြင်းနှင့် ဒီမိုကရေစီ တိုးတက်ထွန်းကားခြင်းနှင့် သက်ဆိုင်သည့် အခြားအမျိုးမျိုးသော ပြည်တွင်းစိမ်ခေါ်မှုနှင့် အန္တရာယ် များ၏ ဆိုးကျိုးများ သက်ရောက်ခံနေကြရသည်။ ထိုစိမ်ခေါ်ချက်များမှာ-

(၁) လွတ်လပ်စွာ စုဝေးခြင်း၊ အဖွဲ့ဖွဲ့စည်းခြင်း၊ ထုတ်ဖော်ပြောဆိုခြင်း၊ သတင်းရယူခြင်းနှင့် ယုံကြည် ကိုးကွယ်ခြင်းအစရှိသော အခြေခံလွတ်လပ်ခွင့်များကို online နှင့် offline နှစ်မျိုးစလုံးတွင် ပြင်းထန်စွာ ကန့်သတ်ခံနေရခြင်း၊

(၂) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားဆောင်ရွက်သူများနှင့် သမဂ္ဂကိုယ်စားလှယ် များကို အကြမ်းဖက်ခြင်း၊ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ နောက်ယှက်စော်ကားခြင်း၊များမှ ကာကွယ်ပေးမှု မရှိခြင်း၊

(၃) တရားဥပဒေစိုးမိုးမှုပျောက်ကွယ်နေပြီး အပြစ်ပေးခံသူ လွတ်မြောက်နေခြင်းနှင့် တရားရေးဆိုင်ရာ ကုစားမှုကင်းမဲ့နေခြင်း၊

(၄) ဒီမိုကရေစီနည်းကျသော ပါဝင်မှု၊ တိုင်ပင်မှုနှင့် ကိုယ်ပိုင်အုပ်ချုပ်မှု မရှိခြင်း၊

(၅) ဖွံ့ဖြိုးရေးစီမံကိန်းများ၏ရလာဒ်ကြောင့် လယ်ယာမြေနှင့် အလုပ်သမားအခွင့်အရေးအပေါ် ဆိုးဝါးလှသည့် ချုပ်ချယ်မှုများရှိနေခြင်းနှင့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာနိုင်ငံတကာစံချိန်များကို လေးစားလိုက်နာရန် ငြင်းဆိုခြင်း၊

(၆) အစိုးရကဏ္ဍတိုင်းတွင် ဆိုးဝါးလှသည့်လာဒ်ပေးလာဒ်ယူမှုဖြစ်နေခြင်းနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်း၊

ထိုသို့စိမ်ခေါ်မှုများရှိနေသော်လည်း အာဆီယံဒေသအတွင်းရှိ လူထုအဖွဲ့အစည်းများသည် ကောင်းမွန်သော ရလာဒ်ကောင်းကို ရယူနိုင်ခဲ့ကြသည်။ လူထုအဖွဲ့အစည်းများသည် သွေးစည်းညီညွတ်မှုနှင့် အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ကြမှု၊ ဒေသအတွင်းကွန်ယက်များတည်ဆောက်မှု၊ သတင်းများဖလှယ်မှု၊ လူ့အခွင့်အရေး ပြည်သူများသိရှိလာအောင် အသိအမြင်ဖွင့်ခြင်းနှင့် ပညာပေးမှု၊ ရပ်ရွာနှင့်နိုင်ငံတော်အဆင့် တိုင်ပင်ဆွေးနွေးမှု၊ အကြမ်းမဖက်ဘဲ လုပ်သင့်လုပ်ဆောင်တတ်သောဆန္ဒပြပွဲများ၊ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ တိုက်ရိုက် လှုံ့ဆော်ပြောဆိုတင်ပြမှု၊ အာဆီယံနိုင်ငံများနှင့် တိုက်ရိုက်တွေ့ဆုံတင်ပြမှု၊ အာဆီယံနိုင်ငံများ၏ လူ့အခွင့် အရေးချိုးဖောက်မှုများနှင့် အခြားလုပ်ဆောင်ချက်များကိုစောင့်ကြပ်လေ့လာမှုများအပါအဝင် နည်းမျိုးစုံသော စည်းရုံးလှုံ့ဆော်မှုနည်းဗျူဟာများကို အသုံးပြုခဲ့ကြသည်။

လူထုအဖွဲ့အစည်းများ၏ ထိုကဲ့သို့ ကြိုးပမ်းမှုကောင်းများရှိသော်လည်း အစိုးရများသည် မိမိတို့၏ စိတ်ရင်း စေတနာကောင်းများကို ထုတ်ဖော်ပြသရန်နှင့် အာဆီယံချာတာတွင်ဖော်ပြထားသည့် မိဌာန်များကို လေးစား ရန်၊ အာဆီယံဒေသအတွင်း ဒီမိုကရေစီတိုးတက်ထွန်းကားရေးဆိုင်ရာအကြောင်းကိစ္စကို ဖော်ထုတ် လုပ်ဆောင်ရန် လိုနေဆဲဖြစ်သည်။

## အကြံပြုတင်ပြချက်များ

- အကြမ်းဖက်မှုများနှင့် ပျောက်ဆုံးမှုများအားလုံးကို ပြည့်ပြည့်ဝဝစုံစမ်းစစ်ဆေးဖော်ထုတ်ပြီး အပြစ်ရှိသူများလွတ်နေခြင်းကို ရပ်တန့်နိုင်အောင် လုပ်ဆောင်ရန်။ online နှင့် offline လုံခြုံစိတ်ချရ သော နေရာများ ပံ့ပိုးပေးခြင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ ဂျာနယ်လစ်များ၊ ရပ်ရွာတက်ကြွလှုပ်ရှားသူများနှင့် ခေါင်းဆောင်များ၊ လူထုအဖွဲ့ခေါင်းဆောင်များနှင့် တာဝန်သူများ အကြား အနှစ်သာရရှိသည့် တွေ့ဆုံပြောဆိုမှုများရှိသော၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဥပဒေပိုင်းဆိုင်ရာ နောက်ယှက်မှုများ၊ ဖမ်းဆီးမှုများ၊ ဖမ်းဆီးထောင်ချမှုများ၊ သတ်ဖြတ်ခြင်းနှင့် အခြားအကြမ်းဖက်မှုများ၊ အခြေခံလွတ်လပ်မှုများကို ကန့်သတ်မှုများမရှိလဲ တရားဝင်လုပ်ဆောင်နိုင်သော ပတ်ဝန်းကျင်မျိုး ဖန်တီးပေးရန်၊ အာဆီယံနိုင်ငံများတွင် ဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားများ၊ လူ့အခွင့် အရေးကာကွယ်စောင့်ရှောက်သူများ၊ ရပ်ရွာခေါင်းဆောင်များ၊ အလုပ်သမားခေါင်းဆောင်များ၊ ဖွံ့ဖြိုးရေးလုပ်သားများကို အမြန်ဆုံးပြန်လွှတ်ပေးရန်၊
- အာဆီယံအစိုးရများအားလုံး၏ လုံခြုံရေးကဏ္ဍကို ပါလီမန်များနှင့် လူထုအဖွဲ့အစည်းများက လူ့အခွင့် အရေးနှင့် လိင်ကွဲပြားမှုအမြင်ပိုင်းကို အသုံးပြု၍ ပြုပြင်ပြောင်းလဲမှုကို စောင့်ကြပ်ပြီး ပါဝင်နိုင်သည့် ပုံစံဖြင့် နိုင်ငံတော်ပါလီမန်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဒီမိုကရေစီတိုးတက်ထွန်းကားမှုနှင့်အညီ ပေါ်လစီများ ပြဌာန်း၍ပြောင်းလဲရန်၊
- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံချိန်စံညွှန်းများ၊ ကောင်းမွန်သည့်အဖြစ်အပျက်များနှင့်အညီ ဥပဒေ ပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို တည်ဆောက်ရန်၊ နိုင်ငံတကာစာချုပ်စာတမ်းများကို လက်မှတ် ရေးထိုးပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဖိနှိပ်သည့်ဥပဒေများကို ပြင်ဆင်ရန်၊ ဖျက်သိမ်းရန်၊ ဥပဒေများစည်းမျဉ်းများကို လွတ်လပ်သော၊ အရည်အချင်းရှိသော၊ လာဒ်စားမှုကင်းသောတရားရေး

ပညာရှင်များက အာဆီယံဒေသအဆင့်အထိ သင့်လျော်ကိုက်ညီစွာ အာဏာတည်အောင် သေချာစေရန်၊

- ပြည်သူအားလုံး အထူးသဖြင့် ထိခိုက်လွယ်ဖယ်ထုတ်ခံရသောအုပ်စုများကို ဥပဒေအရအသိအမှတ်ပြုခံရပြီး ၎င်းတို့၏ နိုင်ငံသား၊ နိုင်ငံရေးအခွင့်အရေးများခံစားခွင့်ရှိကာ ခွဲခြားဖိနှိပ်မှု၊ အစွဲဖြင့်မြင်မှုတို့မှ ကင်းဝေးအောင်၊ သူတို့ဘဝနှင့် သက်မွေးဝမ်းကျောင်းတို့အပေါ် သက်ရောက်မှုရှိစေမည့် အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ပြီး တိုင်ပင်မှုများရှိစေရန်၊ ကိုယ့်ကိုကိုယ်စီမံအုပ်ချုပ်နိုင်အောင်၊ သတင်းများ၊ ပညာပေးများရရှိခြင်းဖြင့် စွမ်းရည်မြင့်လာအောင်လုပ်ဆောင်ရန်၊ ၎င်းတို့၏ လွတ်လပ်မှု၊ လုံခြုံရေး၊ ဂုဏ်သိက္ခာ၊ ဂိသေနနှင့် လူ့အခွင့်အရေးများကို လေးစား၊ အသိအမှတ်ပြုကာကွယ်ပေးမှုများလုပ်ဆောင်ရန်၊

**အထွေထွေအကြံပြုတင်ပြချက်များနှင့် နိဂုံးချုပ်**

အာဆီယံပြည်သူ့ဖိုရမ် ၂၀၁၄ ကို တက်ရောက်လာကြသည့် ကျွန်ုပ်တို့သည် ဦးဆောင်ကော်မတီအား အာဆီယံပြည်သူ့ဖိုရမ်၏ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပိုမိုအားကောင်းလာစေရန်အတွက် ပြုလွယ်ပြောင်းလွယ်ရှိပြီး အားလုံးပေါင်းစည်းပါဝင်နိုင်မည့် အားကောင်းသည့်ယန္တယားတစ်ခုကို ထူထောင်ရန်နှင့် အာဆီယံပြည်သူဖိုရမ်နှင့် အာဆီယံအသင်းအကြား ဆက်လက်ဆက်သွယ်လုပ်ဆောင်ရန် တာဝန်အပ်နှင်းသည်။

*အာဆီယံအစိုးရများကို အောက်ပါအတိုင်းတောင်းဆိုသည်။*

- တရားမျှတမှု၊ တန်းတူညီမှု၊ ပေါင်းစည်းပါဝင်နိုင်မှုနှင့် အကြမ်းဖက်မှုပုံစံအမျိုးမျိုးပပျောက်ရေးနှင့် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ရရှိနိုင်စေရန်အတွက် စိတ်ဆုံးဖြတ်လုပ်ဆောင်ရန်၊ ထိုလုပ်ဆောင်မှုအောင်မြင်စေရန်မှာ အခြေခံပြည်သူလူထုနှင့် လူထုအဖွဲ့များ၏ ပြည့်ဝသော ပါဝင်မှုရှိမှသာ ဖြစ်ပေလိမ့်မည်။
- အာဆီယံပြည်သူများ၏ မတူကွဲပြားမှုများကို အသိအမှတ်ပြုပြီး ဘာသာရေး၊ လိင်၊ လိင်အခြေပြုအမြင်၊ သန္ဓေစွမ်းမှု၊ လိင်တူချစ်သူများနှင့် လိင်နှစ်မျိုးလုံးပါဝင်သူများအပါအဝင် လိင်စိတ်သဘောထားနှင့် လိင်ဂိသေသကွဲပြားသူများ၊ တိုင်းရင်းသား၊ လူမျိုး၊ အလုပ်အကိုင်၊ နိုင်ငံရေးအယူအဆ၊ နိုင်ငံသားဖြစ်မှုမရွေး လူ့အခွင့်အရေးများကိုကာကွယ်ပေးသည့် ယန္တယားများကို ထူထောင်ပေးရန်၊
- AICHR ၏ လက်ရှိအခြေအနေဖြစ်သော အစိုးရများဆိုင်ရာဌာနဖြစ်နေချက်ကို ဆန့်ကျင်ပြီး ကော်မရှင်ဝင်များ၏ လွတ်လပ်မှုကို သေချာစေရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လူ့အခွင့်အရေးမှတ်တမ်းများကို သုံးသပ်ခွင့်ရှိသည့်အပိုဒ်များထည့်သွင်းခြင်း၊ ကော်မရှင်ကို နိုင်ငံ သို့မဟုတ် ဒေသသို့သွားရောက်စုံစမ်းခွင့်ပြုခြင်း၊ ကော်မရှင်အား လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာတိုင်ကြားချက်များကို လက်ခံ၊ စုံစမ်း၊ ထုတ်ဖော်ခွင့်ပေးခြင်း၊ ထိရောက်မှုမရှိသောကော်မရှင်အဖြစ်သို့ရောက်စေသည့် အားလုံး၏ ဆန္ဒရယူဆုံးဖြတ်ရသည့်မူဝါဒနှင့် ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်ရဆိုသည့်မူဝါဒများကို ပြောင်းလဲ၊ ပြင်ဆင်ရန်၊ ကုလသမဂ္ဂနှင့်အခြားဒေသဆိုင်ရာယန္တယားများနည်းတူ အထူးလုပ်ထုံးလုပ်နည်းများနှင့် အထူးစုံစမ်းစစ်ဆေးရေးအရာရှိများအပါအဝင် လွတ်လပ်သည့် ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထူထောင်ခြင်း (ထိုကျွမ်းကျင်သူများသည် လွတ်လပ်ပြီး အများဆန္ဒရယူပြီးမှ ဆုံးဖြတ်ချက်ချ

ရသောပုံစံမျိုးမှ ကင်းလွတ်မှသာ လူ့အခွင့်အရေးကာကွယ်မှုလုပ်ငန်းများကို အမှန်တကယ်ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်) တို့အပါအဝင် လူ့အခွင့်အရေးဆိုင်ရာကာကွယ်မှု၊ ပေါင်းစည်းပါဝင်မှုများကို ပိုမိုသေချာစေရန်၊

- ပြန်လည်သုံးသပ်သော လုပ်ပိုင်ခွင့်တာဝန်များထဲတွင် အများဆန္ဒရယူပြီးဆုံးဖြတ်ချက်ရယူရန် မစွမ်းသာသောအခြေအနေမျိုးများတွင် အထူးသဖြင့် အထူးဆိုးဝါးနေသောလူ့အခွင့်အရေး အကြောင်းများကို ထုတ်ဖော်တင်ပြရာနှင့် တားဆီးရာတွင် အများစုဆန္ဒဖြင့် ဆုံးဖြတ်နိုင်ကြောင်း ခွင့်ပြုရန်၊ ကော်မရှင်၏ လုပ်ပိုင်ခွင့်တာဝန်များသည် တခြားမတူညီသည့်လူ့အခွင့်အရေးယန္တယားများ၊ အာယံဒေါက်တိုင်များနှင့် အာဆီယံရှိအခြားကဏ္ဍအလိုက်ဌာနများအကြား ထိရောက်သည့်ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွန်းလာပြီး ဒေသအတွင်း လူ့အခွင့်အရေးကာကွယ်မှုကို ပိုမိုအားကောင်းအောင် သေချာစေရန်၊
- အာဆီယံမူကြမ်း ၂၀၁၅ ကိုပြန်လည်သုံးသပ်သည့် တိုင်ပင်ဆွေးနွေးမှုများကို လူထုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် အောက်ခြေအဖွဲ့များ၊ လူတစ်ဦးစီများ အထူးသဖြင့် ထိခိုက်လွယ် ဖယ်ထုတ်ခံရသောအုပ်စုတို့နှင့် တွေ့ဆုံကျင်းပပြီး ၎င်းတို့အပေါ်သက်ရောက်စေသောဆိုးကျိုးများလျော့ပါးအောင် လုပ်ဆောင်မှု သေချာစေရန်၊
- အာဆီယံအဖွဲ့ဝင်နိုင်ငံများက အရေးပါသည့် နိုင်ငံတကာစာချုပ်စာတမ်းနှင့် နောက်ဆက်တွဲစာချုပ်များ ပဏာမလက်မှတ်ထိုးခြင်း၊ အတည်ပြုလက်မှတ်ထိုးပြီး လူတိုင်းအားလုံးနှင့်ဆိုင်သော၊ မွေးရာပါဖြစ်သော။ တခြားသူများယူဆောင်သိမ်းပိုက်ခွင့်မရှိသော၊ တစ်ခုနှင့်တစ်ခုဆက်စပ်နေသော လူ့အခွင့်အရေးကို မတူကွဲပြားပြီး ဂိုသေသမျိုးစုံရှိသည့် အာဆီပြည်သူများအားလုံးအတွက်အသိအမှတ်ပြုပေးရန်၊
- AICHR၊ ACWC၊ ACMW စသည့် အာဆီယံလူ့အခွင့်အရေးဌာနများအနေဖြင့် လူသားတိုင်းအတွက်လူ့ အခွင့်အရေးများကို ကာကွယ်ရန်။ တိုးတက်မြင့်မားလာစေရန်အတွက် အချင်းချင်း ပူးပေါင်းကြိုးပမ်းလုပ်ဆောင်သွားကြရန်၊

ကျွန်ုပ်တို့အနေဖြင့် အာဆီယံပြည်သူ့ဖိုရမ် ၂၀၁၄ ခုနှစ်ကို ကျင်းပပေးခဲ့သည့် မြန်မာလူထုအဖွဲ့အစည်းများနှင့် မြန်မာပြည်သူများ၊ ယခုဖိုရမ်ကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပနိုင်ရန်အတွက် အားပေးထောက်ခံမှုများ ပေးခဲ့ပြီး ပူးပေါင်းလုပ်ဆောင်ခဲ့သည့် မြန်မာနိုင်ငံအစိုးရအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပြောကြားလိုပါသည်။